သခင့်စကား
The LORD's Word
မင်းအောင်သက်လွင်စီစဉ်ထုတ်ဝေသည် ဝိညာဉ်ရေးရာစာစောင်

ငါ ပြောသံကို ကြား၍ မှတ်ကြလော့။ ငါ့ စကားကို စေ့စေ့ နားထောင် နာယူကြလော့။ ဟေရှာယ – ၂၈:၂၃

အမှတ်စဉ် (၁၇၉) ဇူလိုင်လ ၂၀၁၆ ခုနှစ် ဓမ္မဒါန (လစဉ် ပထမ တနင်္ဂနွေနေ့တိုင်း အခမဲ့ ဖြန့်ချိသည် ) ၂၀၀၁ ခုနှစ်တွင် တည်ထောင်သည်။ Est; September 2001

# မှတ်ဆိုးမအလှူ





## မုတ်ဆိုးမအလှူ (မာကု ၁၂:၄၁-၄၄)

### *မင်းအောင်သက်လွင်*

လင်ယောကျ်ားလဲ သေ၊ သားသမီးတွေလဲ ကျေမို့
မုတ်ဆိုးမလို့ အမည်တွင်ပေမဲ့ - ရှိသည့် ဥစ္စာ
နေ့ဖို့ညစာ စု မထားဘဲ။ သက်မွေးဖို့တောင် ချန်မထားဘဲ။
နှစ်ပြား ဒင်္ဂါး ဘုရားထံမှာ အိတ်သွန် ဖာမှောက် ရှေ့တော်ရောက်ခဲ့။
သူ့မှာ မရှိတာကို ချေးငှား ပြီးတော့လဲ မလှူ။
သူ့မှာ ရှိတာကို ထိန်ချန် ပြီးတော့လဲ မလှူ။
သူ လှူတာကို လူသိအောင်လဲ မလှူ။
သူ လှူချင်တာက ဘုရားသခင် အတွက်ရယ်မို့
ဗိမ္မာန်တော်ထဲ တိတ်တဆိတ်ဝင်လာ -
အလှူခံ ပုံးကြီးကြီးထဲကို ပိုင်ဆိုင်သမျှ အရာအားလုံးထဲက
ဘာမှ မကျန်ဘူးလို့ ဆိုရလောက်အောင် နှစ်ပြားတည်းသော ဒင်္ဂါး
အများသူငါ ထည့်တဲ့ အလှူငွေတွေ အမြောက်အများကြားမှာ
ပျောက်သွားမလားလို့ ထင်ရလောက်အောင်
ငယ်လွန်းပါတယ် ပမာဏ၊ နည်းလွန်းပါတယ် တန်ဖိုး။
သေးလွန်းပါတယ် အရွယ်အစား၊ ပေါ့လွန်းပါတယ် အလေးချိန်။
ဒီ ဒင်္ဂါး နှစ်ပြားနဲ့ ဗိမ္မာန်တော်အတွက် အနိမ့်ဆုံး တန်ဖိုးရှိတဲ့
ခြေသုတ်ခုံတောင် ဝယ်လို့မရ။
ဗလာ အနတ်စုတ်မို့ ခလုတ်တိုက်မိလို့ လမ်းမှာ ကျပျောက်ရင်တောင်
ကောက်ယူသူ မရှိလောက်အောင် တန်ဖိုးပမာဏက နည်းလွန်းပေမဲ့
သူပိုင်လေသမျှ တစ်ခုမကျန် အကုန် လှူသွားတာမို့
သူ့ထက်ကဲ သူဌေးတွေထက်။ သူ့နှစ်ပြားက ကုဋေသန်းပေါင်း ထပ်ထပ်ကဲ။
တန်ဖိုးအားဖြင့် နည်း၊ အရွယ်အားဖြင့် သေး။ ခွန်အား အားဖြင့် နေး လို့
အထင်ကြီးစရာ တကွက်မှ မရှိပေမဲ့ စေတနာ ရင်မှာ အပြည့်အမောက်မို့
ယေရှုသခင် အမြင်မှာတော့ မုတ်ဆိုးမကြီးရဲ့ အလှူက ဟန်ဆောင်ပြီး လှူသူတွေနဲ့
ဂုဏ်ဒြပ်ကြီးသူတွေကို အနိုင်ယူသည့် ကမ္ဘာတွင်သည့်အလှူ ရယ်ပါ။ ။



သခင့်စကား ဝိညာဉ်ရေးရာ စာစောင်၊ အမှတ်စဉ် ၁၇၉ ဇူလိုင်လ ၂၀၁၆ ခုနှစ်။
နိုင်ငံတကာမှ မြန်မာခရစ်ယာန် အသင်းတော်နှင့် မိတ်သဟာယအဖွဲ့များ အတွင်း အခမဲ့ ဖြန့်ချိရန် ဂျနီဗာ ထုတ်ဝေသည်။

သခင့်စကား
The LORD's Word
မင်းအောင်သက်လွင်စီစဉ်ထုတ်ဝေသည့် ဝိညာဉ်ရေးရာစာစောင်

ငါ ပြောသံကို ကြား၍ မှတ်ကြလော့။ ငါ့ စကားကို စေ့စေ့ နားထောင် နာယူ ကြလော့။ ယေရှာယ - ၂၈:၂၃

အမှတ်စဉ် (၁၇၉) ဇူလိုင်လ ၂၀၁၆ ခုနှစ် ဓမ္မဒါန (လစဉ် ပထမ တနင်္ဂနွေနေ့တိုင်း အခမဲ့ ဖြန့်ချိသည် ) ၂၀၀၁ ခုနှစ်တွင် တည်ထောင်သည်။ Est; September 2001

# အရိုးစစ်



## အရိုးစစ်

### သိုးသူငယ် (ဒါးက)

အမေ့အိမ် လို့ပြောပြောနေတဲ့ တချိန်က မိသားစု စုံလင်ခဲ့တဲ့
ဒီအိမ်လေးဟာ တကယ်တော့ အဖေ့ချွေး အဖေ့သွေးနဲ့ရင်းပြီး
ဆောက်ခဲ့တဲ့ အဖေ့အိမ် စစ်စစ်ပါ။
အိမ်ထောင်ဦးစီးဆိုတဲ့ ဘွဲ့အောက်က အဖေဟာ
ဥတု သုံးရာသီကို ၂၄နာရီ ပင်ပန်းဆင်းရဲခဲ့တာပါ။
နေပူ နေလဲ မမှုဘူး။ ဒါ အိမ်သူသက်ထား အတွက် -
မိုးရွာ နေလဲ ခြေလှမ်းတွေ ရပ်မသွားဘူး။ ဒါ သားသမီးတွေအတွက် -
အေးချမ်းလွန်းလဲ ဆက်လျှောက်နေဆဲဘဲ။ ဒါ မိသားစုအတွက် -
အဲ့လို အဲ့လို အားတင်းရင်း ဆက်လျှောက်တာ
အဖေလေ နစ်ယောက် မရှိတဲ့၊ တို့အဖေပေါ့။



ချစ်ခြင်းကို ဖွင့်ဟ မပြော။ ရင်ထဲကသာ စိုးရိမ်တတ်တာ အဖေပါ။
စားဝတ်နေရေး၊ ပညာရေး ကျန်းမာရေး အရေးပေါင်းစုံသော တာဝန်တွေ ထမ်းရင်း
နေပူထဲ လှမ်းနေရသူ အဖေပါ။
အဖေက တို့အတွက် အရိုးစစ်ပါ။ ။

သခင့်စကား
The LORD's Word
မင်းအောင်သက်လွင်စီစဉ်ထုတ်ဝေသည့် ဝိညာဉ်ရေးရာစာစောင်


ငါ ပြောသံကို ကြား၍ မှတ်ကြလော့။ ငါ၏ စကားကို စေ့စေ့ နားထောင် နာယူကြလော့။ ဟေရှာယ – ၂၈:၂၃

အမှတ်စဉ် (၁၇၉) ဇူလိုင်လ ၂၀၁၆ ခုနှစ် ဓမ္မဒါန (လစဉ် ပထမ တနင်္ဂနွေနေ့တိုင်း အခမဲ့ဖြန့်ချိသည် ) ၂၀၀၁ ခုနှစ်တွင် တည်ထောင်သည်။ Est; September 2001

# သမ္မာသတိဖြင့်

## သမ္မာသတိဖြင့်

Samuel Soe Lwin



တောင့်တ အရာ အထွေထွေ ၊
ဘဝ ဝယ် ၊ ရာ ထောင် ပုံနေလည်း
သေချာစွာ ဆန်းစစ်ကြည့် အမှန်လိုအပ် မရှိမဖြစ်တာက
ဘုရားသာလျှင်အဓိကပင်မို့ လေးတွဲ့ကာယောင်
ဖင့်နွဲ့ကာ အချိန်တွေ မဖြုန်းလေနှင့်
စေ့စေ့တွေး ရေးရေးပေါ်
ဘဝမှာနော် တကယ် မမေ့အပ်သင့်တာက
ဘုရား ဘုရား – ဆိုနေလို့ ပြီးမလား။
မေးမမှားနဲ့ – အားလုံးက လေသံပြိုင်တွေဖြင့်
ငါသိပါတယ်အေ။ ဆရာ လာမပြုပါလေနှင့်။
မည်သို့ပင် ဆိုစေပြု သင့်အခြေက မမေ့သမ္မာ
သတိအဖြာဖြာဖြင့် နေ့နေ့ညည အောက်မေ့ပြုမှ
ရန်မာန် အန္တရာယ်အသွယ်သွယ်လည်း
ဝေးစွာ ရှောင်ရှားပြုနိုင်အားလျှက်
အောင်မြေ အောင်စေ မြဲတစေ ပိုင်၍
ခရစ် ဘုန်းရောင် လွှန်ထွန်းပြောင်လျှက်
သခင့် မိန့်ဆိုစကား သိလေမည် လူအများ ။ ။





သခင့်စကား ဝိညာဉ်ရေးရာ စာစောင်၊ အမှတ်စဉ် ၁၇၉ ဇူလိုင်လ ၂၀၁၆ ခုနှစ်။
နိုင်ငံတကာမှ မြန်မာခရစ်ယာန် အသင်းတော်နှင့် မိတ်သဟာယအဖွဲ့များ အတွင်း အခမဲ့ ဖြန့်ချိရန် ဂန္ဓာဝင် ထုတ်ဝေသည်။

သခင့်စကား
The LORD's Word
မင်းအောင်သက်လွင်စီစဉ်ထုတ်ဝေသည့် ဝိညာဉ်ရေးရာစာစောင်

ငါ ပြောသံကို ကြား၍ မှတ်ကြလော့။ ငါ့ စကားကို စေ့စေ့ နားထောင် နာယူကြလော့။ ဟေရှာယ - ၂၈:၂၃

အမှတ်စဉ် (၁၇၉) ဇူလိုင်လ ၂၀၁၆ ခုနှစ် စမ္ပဒါန (လစဉ် ပထမ တနင်္ဂနွေနေ့တိုင်း အခမဲ့ ဖြန့်ချိသည် ) ၂၀၀၁ ခုနှစ်တွင် တည်ထောင်သည်။ Est; September 2001

# မိတ်ဆွေဆိုးနဲ့ ရန်သူကောင်း




## မိတ်ဆွေဆိုးနဲ့ ရန်သူကောင်း

သင့်ကို လူရှေ့မှာ မြှောက်ထိုး ပင့်ကော် လုပ်ပြီးမှ လူကွယ်ရာမှာ ရိုက်ချတတ်တဲ့ ခပ်ကြောင်ကြောင် မိတ်ဆွေဆိုး တွေ ရှိသလို -

*(( ဥပမာ- ဟာ - ဒီကောင်က ငါ့သူငယ်ချင်းလေ။ အရမ်းတော် အရမ်း ပညာတတ်ပြီး အရမ်း ချမ်းသာတာကွ။ အေး- ဒါပေမဲ့ သတိတော့ ထား။ အဲ့ဒီ ကောင် သောက်ကျင့် တော့ လုံးဝ မကောင်းဘူးကွ))*

သင့်ကို လူကြားသူကြားထဲ သွေးထွက် သံယို ဖြစ်အောင် ထိုးနှက် တိုက်ခိုက် ခဲ့ပြီးမှ ဆေးဖိုး ဂါးခ ပေးသွားတတ်တဲ့ ရန်သူကောင်း တွေလဲ ရှိတယ်။

*(( ဥပမာ - အောင်မယ်လေး "ပေတိုး" တို့များ သွေးဆိုးပြီ ဆိုရင် ဘုရားတောင် မကယ် နိုင်ဘူး။ သောက်သောက် စားစား ရမ်းရမ်း ကားကား လူမိုက်ကြီးပေါ့ အေ။ ဟဲ့ - ဒါပေမဲ့ သူက ဆိုးသာ ဆိုးတာ သဘော အရမ်းကောင်းပြီး အရမ်း ကူညီတတ်တယ် အေ့။ )) ။*

*မင်းအောင်သက်လွင်*




သခင့်စကား ဝိညာဉ်ရေးရာ စာစောင်၊ အမှတ်စဉ် ၁၇၉ ဇူလိုင်လ ၂၀၁၆ ခုနှစ်။
နိုင်ငံတကာမှ မြန်မာခရစ်ယာန် အသင်းတော်နှင့် မိတ်သဟာယအဖွဲ့များ အတွင်း အခမဲ့ ဖြန့်ချိရန် ဂန္ဒဝင် ထုတ်ဝေသည်။

သခင့်စကား
The LORD's Word
မင်းအောင်သက်လွင်မှ စီစဉ်ထုတ်ဝေသည့် ဝိညာဉ်ရေးရာစာစောင်

ငါ ပြောသံကို ကြား၍ မှတ်ကြလော့။ ငါ၏ စကားကို စေ့စေ့ နားထောင် နာယူကြလော့။ ဟေရှာယ – ၂၈:၂၃

အမှတ်စဉ် (၁၇၉) ဇူလိုင်လ ၂၀၁၆ ခုနှစ် ဓမ္မဒါန (လစဉ် ပထမ တနင်္ဂနွေနေ့တိုင်း အခမဲ့ ဖြန့်ချိသည်) ၂၀၀၁ ခုနှစ်တွင် တည်ထောင်သည်။ Est; September 2001

# ထမ်းပိုးပြဿနာ



## ထမ်းပိုးပြဿနာ Mary-ဖျာပုံ

Dear Naw Hser - ဘုရားသခင် အစဉ် ကြွယ်ဝသော ကောင်းကြီး မင်္ဂလာ ချပေးပါစေ။ ကျန်းမာ ပျော်ရွှင်ခြင်း အစဉ် ခံစားရရှိနိုင်ပါစေ။ အာမင်။

ငါလဲ အမြဲ သတိရနေပါတယ်။ နင့်ကို မဲ ဇာ တောင်ခြေ ပို့ထားသလိုများ ဖြစ်နေမလား ဆိုပြီး တစ်ခါတစ်လေ စိတ်မကောင်းဖြစ်မိတယ်။ နင်လဲ ခံစား နေရမှာဘဲ။ ကျမ်းစာ ဖတ် ဆုတောင်း။ ဘုရားရှင်နဲ့ အချိန်ယူ စကားပြော ဘုရားရှင် အဖြေပေးလိမ့်မယ်။ ငါ အခု ကျမ်းစာ မဖတ်နိုင်တာ ကြာပြီ။ မြန်မာပြည်က ပြန်လာကတည်းကဘဲ။ စာကြည့် တာနဲ့ ခေါင်းတွေ ခဲ တက်လာတယ်။ စာတန်က ဘယ်လောက်အထိ လှည့်ဖျား နေမလဲ မသိဘူး။ ဘာမှ မလုပ်ချင် မစားချင်ဘူး။ ငါက ချစ်သူ မရှိလို့ ဟာတာတာ ဖြစ်နေတာထက် နင်က ချစ်သူနဲ့ အဆက်ဖြတ်ခံ ထိထားတာဆိုတော့ ခံစားချက် ခြင်းက တစ်မျိုးစီ ဘဲပေါ့။ ကိုယ့်ရဲ့ နံရိုးပိုင်ရှင်၊ ဘ၀ လက်တွဲဖော်ကို ကိုယ်လိုချင်တဲ့ ပုံစံ အနေ အထား တိတိကျကျ ဘုရားရှင်ထံ ဆုတောင်းပါ။ ဥစ္စာပေါ ရုပ်ချော စရာ မလိုဘူး။ ပညာတတ် ဖြစ်စရာ မလိုဘူး။ အသိတရားရှိဖို့ ဘုရားကို သိဖို့ ဘုရား သခင်ကို ဦးထိပ် ထားတဲ့သူဖြစ်ဖို့၊ အလုပ်နဲ့ ဇေ၀ဇေလိကို တွဲလုပ်တတ်ဖို့ဘဲ လိုတယ်။ ငါလဲ အဲဒီလို လူကိုဘဲ ဘုရားသခင်ထံ ဆုတောင်းတယ်။ အလိုတော် ရှိလို့ ရရင် ယူမယ်။ မရ ရင်လဲ အလိုတော်ကို ၀န်ခံမယ်။ ငါ့ အသက်က ၄၈နှစ် ဆိုတော့ အရမ်းကို ကြီးနေပါပြီ။ စိတ်ကတော့ ကလေးစိတ်။ လူငယ်လိုဘဲ။ ကိုယ့်ကို မေတ္တာစစ် မေတ္တာမှန်နဲ့ ချစ်တဲ့သူ ရှိလာရင် ဘ၀ လက်တွဲဖော် အဖြစ် ရွေးဖို့ အား မလျော့ သေးဘူး။ အိမ်ကို (မြန်မာပြည်ကို) လဲ အရမ်း ပြန်ချင်နေပြီ။ အမိုးက သူ မသေသေးခင် ငါနဲ့ အတူ နေချင်သေးတယ်တဲ့။

ငါကလဲ မြန်မာပြည် ပြန်ရင် ကိုယ့် အိုးအိမ်လေးနဲ့ ကိုယ်ပိုင်အိမ်လေး ထူထောင်ချင်တယ်။ "ထောင်" ဆိုတာ အချုပ်အနှောင်မှန်း သိပေမဲ့ မသိစိတ်က အဲဒီ အိမ်ထောင်ကို အရမ်း ပြုချင် နေတယ်။ အခုတစ်ခါ မြန်မာပြည်က အလည် ပြန်လာပြီးမှ အဲဒီအတွက် ပိုခံစား ရတယ်။ ဆုလဲ တောင်းနေမိတယ်။ အဖြေ ဘယ်တော့ ရမလဲတော့ မသိဘူး။ မျှော်လင့်လျှက် တောင်းလျှောက်ကြလော့ ဆိုတဲ့ ယုံကြည်ခြင်းနဲ့ မျှော်လင့် နေတယ်။ အေးအေး ဆေးဆေးတွေ့မှ စကားတွေ အများကြီး ပြောကြ မယ်နော်။ နှုတ်တစ်ရာ စာတစ်လုံး ဆိုတဲ့ ဆိုရိုးစကား ရှိတာမို့ ဒီစာလေးနဲ့ နင့်ကို ရင်ဖွင့်လိုက်တယ်။ ။ Mary (ဖျာပုံ)



သခင့်စကား ဝိညာဉ်ရေးရာ စာစောင်၊ အမှတ်စဉ် ၁၇၉ ဇူလိုင်လ ၂၀၁၆ ခုနှစ်။
နိုင်ငံတကာမှ မြန်မာခရစ်ယာန် အသင်းတော်နှင့် မိတ်သဟာယအဖွဲ့များ အတွင်း အခမဲ့ ဖြန့်ချိရန် ၈၅၀ ထုတ်ဝေသည်။

သခင့်စကား
The LORD's Word
မင်းအောင်သက်လွင်စီစဉ်ထုတ်ဝေသည့် ဝိညာဉ်ရေးရာစာစောင်


ငါ ပြောသံကို ကြား၍ မှတ်ကြလော့။ ငါ့စကားကို စေ့စေ့ နားထောင် နာယူကြလော့။ ဟေရှာယ – ၂၈း၂၃

အမှတ်စဉ် (၁၇၉) ဇူလိုင်လ ၂၀၁၆ ခုနှစ် ဓမ္မဒါန (လစဉ် ပထမ တနင်္ဂနွေနေ့တိုင်း အခမဲ့ ဖြန့်ချိသည် ) ၂၀၀၁ ခုနှစ်တွင် တည်ထောင်သည်။ Est; September 2001

# ခရစ်တော် ဆယ်မြှုရယ်စိုးလွင်

ခရစ်တော်

*၁။ ခရစ်တော်၏ အမည်နာမများ။* ယေရှုခရစ်၏ အမည်နာမနှင့် ဖော်ပြချက်များကို သမ္မာ ကျမ်းစာ၌ အများ အပြား တွေ့ရပါသည်။ ခရစ်တော်ဘုရား၏ အမည်နာမတို့သည် နာမ သက်သက် မဟုတ် ၎င်း အမည်နာမများ ကပင် ခရစ်တော်၏ဖြစ်ခြင်းတရားနှင့် လုပ်ဆောင်မှု တို့ကို ဖော်ပြ လေသည်။



က။ ယေရှု။ ကောင်းကင်တမန်က ယေရှု၏ ဖွားမြင်ခြင်းနှင့် ပါတ် သက်၍ ယောသပ် အား ပြောကြား ရာတွင် " မိမိလူတို့ကို အပြစ်မှ ကယ်ချွတ်မည့်သူ ဖြစ်သော ကြောင့်၊ ယေရှု ဟူသော အမည်ဖြင့် မှည့်ရမည်" ( မဿဲ ၁း၂၁) ဟုဆိုခဲ့ပါသည်။ ဓမ္မသစ်ကျမ်းတွင် ဖော်ပြသော "ယေရှု" အမည်သည် ဓမ္မဟောင်း၌ "ယောရှု" ဟူသော အမည် နာမနှင့် တူညီသည်၊ ၎င်း၏ အဓိပ္ပါယ်မှာ ထာဝရဘုရား၏ ကယ်တင်ခြင်း ဟူ၍ ဖြစ်သည်။ ယေရှု အမည်ကား ကယ်တင် သောသူ၊ ကယ်တင်ရှင်ဟူ၍ အဓိပ္ပါယ် ရလေသည်။

ခ။ ခရစ်တော်။ ဓမ္မသစ်မှ၎င်း အမည်သည် ဓမ္မဟောင်းမှစကားအရ " မေရှိယ" နှင့် ထပ်တူ ပင်ဖြစ်ပြီး၊ အဓိပ္ပါယ်မှာ "ဘိသိက်ခံသူ" ဖြစ်သည်။ ဓမ္မဟောင်းကာလတွင် ပရောဖက် သော်၎င်း၊ ဘုရင်သော်၎င်း ဆီဖြင့် ဦးခေါင်းကို ဘိသိက်ခံပြီးမှသာ အမှု ဆောင်ခွင့် ရှိသည်။ ခရစ်တော်သည်ကား ဓမ္မဟောင်းကာလမှ ကတိတော် ပရောဖက် ဖြစ်သည့် အတွက် ဝိညာဉ်တော်ဘုရားအားဖြင့် ဘိသိက်ကို ယူတော်မူပြီး၊ စေလွှတ် တော်မူသော ခမည်းတော် ဘုရား၏ အလိုတော်အတိုင်း ဖော်ဆောင်ခဲ့လေသည် ။(လု ၄း၁၆–၁၈)။

ဂ။ အရှင်သခင်။ ထိုသခင်ဟူသော စကားသည် အခွင့်အာဏာရှိခြင်းအတွက် ဖော်ပြ ပြီး၊ ရိုးရှင်း သော စကားဖြင့်ဆိုရပါက နာခံသင့်၍၊ လူတိုင်းနာခံခြင်းအမှုကို ပြုရ မည့်သူ ကိုသာ ဆိုလိုခြင်းဖြစ်သည်။ ခရစ်တော်၏ နောက်လိုက်များကပင် မကြာမကြာ ခရစ်တော် အား သခင်ဟူ၍ ခေါ်ဆိုကြသည့်အတွက်၊ ခရစ်တော်ဘုရားက "ငါ့စကားကို နား မထောင်ဘဲလျှက် ငါ့ကိုသခင်၊ သခင်ဟု အဘယ့်ကြောင့် ခေါ်ကြသနည်း" ( လု ၆း၄၆) ဟုမိန့်တော်မူခဲ့ပါသည်။

ဃ။ နှုတ်ကပါတ်တော်။ ယော ၁း၁ ၌ " အစအဦး၌ နှုတ်ကပါတ်တော်ရှိ၏၊ နှုတ်ကပါတ် တော် သည် ဘုရား သခင်နှင့် အတူရှိ၏၊ နှုတ်ကပါတ်တော်သည်လည်း ဘုရား သခင် ဖြစ်တော်မူ၏" ဟူ၍ အခန်းငယ် ၁၄ တွင် ရိုးရှင်းစွာဖွင့်ပြထားသည်။ ခရစ်တော်၏ ဖြစ်ခြင်း မှာကား " နှုတ်ကပါတ် တော်သည်လည်း လူ့ဇာတိအဖြစ်ကို ခံယူ၍...... ငါတို့ တွင် တည်နေ တော်မူသည်" ဟူ၍၎င်း " သူ၏ဘုန်းတော်ကို ငါတို့မြင်ရကြပြီ" ဟူ၍၎င်း ဖော်ပြ ထားသည်နှင့် အညီ၊ ခရစ်တော်အား နှုတ်ကပါတ်တော်အဖြစ် ဖော်ပြထားပါသည်။ ထိုအရာ တို့သည် ခရစ်တော်အားဖြင့် ဘုရားရှင်အား ဖော်ပြ၊ ဖွင့်ပြခြင်းကို ဆိုလိုသည်။ ဘုရား အကြောင်းကို ခရစ်တော် ဘုရား၏ ဖြစ်ခြင်းနှင့် လုပ်ဆောင်တော်မူချက် အရာ များ အားဖြင့် သိမြင် နားလည်နိုင်ပါသည်။

င။ တပါးတည်းသော သားတော်။ ဘုရားရှင်က တပါးတည်းသော သားတော်ကို ပေး သည် ဟု ယော ၃း၁၆ တွင်ဆို ပါသည်။ ရှင်ယောဟန်က ငါးကြိမ်တိုင်တိုင် တပါး တည်းသော သားတော်ဟု ခရစ် တော်အား ခေါ်ဆိုထားသည့်အတွက် အချို့က ခရစ်တော် သည် ဖန်ဆင်းခံရသော အချိန် ရှိ၍ အစရှိရမည်ဟု တွေးထင်တတ်ကြသည်။ သို့သော်လည်း သမ္မာကျမ်းစာ တော်မြတ်က ခရစ်တော်သည် တပါးတည်းသော သားတော် အဖြစ် ထာဝရကာလမှ တည်ရှိ ကြောင်းသွန်သင်ထားသည်။ အစအဦး၌ နှုတ်ကပါတ်တော်( ယေရှုခရစ်) ရှိ၏ ဟူ၍ ထာဝရ အဖြစ်တော်ကို ညွှန်းဆိုထားပါသည် ( ယော ၁း၁)။ တပါးတည်းသော ဟူသော စကားစုမှာ ဖြစ်ပွားချိန်ကို မရည်ညွှန်းပါ။ ခမည်းတော် ဘုရားနှင့် သားတော် အကြား ရှိသော ဆက်နွယ်မှုကိုသာ ရည်ညွှန်းခြင်း ဖြစ်သည်။ လောကီရေးရာ ဖခင်နှင့် သား အကြားမှာရှိသော အထူး အခွင့်အရေး ဆက်နွယ် မှုကိုသာ ကိုယ်စားပြုလေသည်။

*၂။ ခရစ်တော်၏ အဖြစ်တော်။*

က။ ဘုရားဖြစ်သောခရစ်တော်။ လစ်ဘရယ်များက ခရစ်တော်၏ ဘုရားဖြစ်ခြင်းကို ရံဖန် ရံခါ ငြင်းပယ်ခြင်း ပြုတတ် ကြသလို ခရစ်တော်သည် ဘုရားဖြစ်သည်ဟု မကြွေးကြော် ခဲ့ကြောင်း ဆိုကြ သည်။ ထိုကဲ့သို့ မပြုခဲ့သော်လည်း ထိုအဖြစ်တော်ကို ဆိုခဲ့သောကြောင့် ရန်သူများက ဘုရား ဖြစ်သည်ဟုဆိုသောကြောင့် ခဲနှင့် ထုရန် ကြိုးစား ခဲ့ကြသည် ( ယော ၁၀း၃၃)။ ၁ ယော ၅း၂၀ တွင် " ထိုသူသည်မှန်သော ဘုရားသခင် ဖြစ်တော်မူ၏၊ ထာဝရ အသက် လည်းဖြစ်တော်မူ၏" ဟူ၍ ဖွင့်ပြ ထားသလို၊ ကျမ်းစာတော်မြတ်အား ရိုးသား စွာ လေ့လာသူများက ခရစ်တော်သည် ဘုရား ဖြစ်ကြောင်းကို လုံး၀ သံသယ မဖြစ် နိုင်ပါ။

ခ။ လူသားစစ်စစ် ဖြစ်တော်မူသော ခရစ်တော်။ ခရစ်တော်သည် ဘုရား ဖြစ် တော်မူသည် သာမက လူ့ဇာတိကို ခံယူ၍ ဗက်လင် မြို့တွင် ဖွားမြင်ခြင်းကို ခံခဲ့သော လူသား လည်း ဖြစ်တော်မူ၏။ ယော ၁း၁၄ တွင် " နှုတ်ကပါတ်တော်သည် လူ့ဇာတိ ကိုခံယူ" ဟူ၍၎င်း၊ ဂလာတိ ၄း၅ တွင် " မိန်းမ ဝမ်း၌ ပဋိသန္ဓေယူ၍" ဟူ၍၎င်း၊ တဖန် ဖိ ၂း၆–၈ တွင် "လူကဲ့သို့သော အဖြစ်၌ ဖွား မြင်ခြင်းကို ခံတော်မူ၏" ဟုဆိုထား သကဲ့သို့ ခရစ်တော်ဘုရားက မိမိကိုယ်ကို "လူ သားသည် " ဟုမကြာမကြာ သုံးစွဲ ညွှန်းဆိုထားသည်။ သူ၏ အသက်တာ တ လျှောက် လုံး တွင် လူ၌ကြုံတွေ့ရသော လောကခံ တရားများအား ဖော်ပြထားသည်မှာ အရွယ် ရလာခြင်း၊ မွတ်သိပ်ခြင်း၊ ပင်ပန်းခြင်း၊ သွေးဆောင်မှုကိုကြုံတွေ့ရခြင်း၊ ငို ကြွေးခြင်း၊ အသွေး တော် သွန်းလောင်းခြင်း များပင် ဖြစ်သည်။ ခရစ်တော်သည် ဘုရား ဇာတိ ကေန် မုချ ဖြစ် တော်မူ သကဲ့သို့ လူသားစင်စစ် ကေန်လည်းဖြစ်တော်မူလေ၏။

ဂ။ အပျိုကညာ အားဖြင့် ဖွားမြင်တော်မူခြင်း။ ပရောဖက် ဟေရှာယက ခရစ် တော် သည် အပျိုကညာအားဖြင့် မွေးဖွားမည့် အ ကြောင်း ပြောဆို၍ အနာဂတ္တိ စကားကို ပြောကြားခဲ့သကဲ့သို့၊ ဓမ္မသစ် ကျမ်းတွင် သန့် ရှင်းသော ဝိညာဉ်တော် အားဖြင့် ခရစ်တော်သည် အပျိုကညာ မာရိ ဝမ်း၌ လူ့ ဇာတိ ခံယူခဲ့ကြောင်း ဖော်ပြခဲ့သည်။ အပျိုကညာဝမ်း၌ ဖွားမြင်ခြင်းကိုခံရာမှာ လွန်စွာ အရေး ကြီးသော အချက်ပင် ဖြစ်သည့် အကြောင်းအရင်းမှာ ဘုရားရှင်ရှေ့၌ စစ်မှန် သော ဖွားမြင်ခြင်းကို ခံ၍ ဘုရား အဖြစ်တော်နှင့် လူ့အဖြစ်တော် ခံယူခြင်း ပင် ဖြစ်သည်။ ထို့ အတွက် ကြောင့်ပင် ကယ်တင်ခြင်းအတွက် စစ်မှန်သော ယဇ်ပူဇော်ခြင်းကို ပြုခဲ့သည်။

လူသားအဖြစ်ခံယူသောကြောင့် လူသားများအတွက် အသက်စွန့်လှူ ပူဇော် နိုင်ခဲ့သလို၊ ဘုရားဖြစ်ခြင်းကြောင့် အပြစ်ကြွေးပေးချေခြင်းသည် လူသားများအတွက် ပြည့်စုံ စေခဲ့သည်။ လူသားဖြစ်သောကြောင့်သေခြင်းတရားကို တွေ့ကြုံ၍ ကိုယ်စား ပြုခဲ့သလို၊ ဘုရားဖြစ်သောကြောင့် အမှန်သေခြင်းမှ ထမြောက်တော်မူခဲ့ပါသည်။

ဃ။ ကားတိုင်ပေါ်၌ အသက်စွန့်တော်မူခြင်း။ ဤလောက၌ ခရစ်တော်တပါးတည်း " ငါ၌ အပြစ်ရှိကြောင်းကို၊ သင်တို့ တွင် အဘယ် သူဖော်ပြသနည်း" ( ယော ၈း၄၆) ဟူသောစကားကို မေးမြန်း နိုင်ခြေ ရှိသည်။ ဟေဗြဲ ၄း၁၅ တွင် ဖော်ပြသည်မှာလည်း " ငါတို့ ခံရသည့်နည်းတူ၊ အမျိုး မျိုးသော စုံစမ်းနှောင့်ယှက်ခြင်းကိုခံဘူး သောသူ ဖြစ်တော် မူ၏။ သို့ရာတွင် ဒုစရိုက် အပြစ်နှင့် ကင်းလွတ်တော်မူ၏"။ ပေတရု ကလည်း အပြစ် ပူဇော်ခံရာ သိုးအဖြစ် ဖော်ပြ ရာတွင် "အဘယ် အပြစ်မှမရှိ၊ အညစ် အကြေးနှင့် ကင်းစင်သော" ဟူ၍ ဆိုသည် ( ၁ ပေ ၁း၁၉)။ အထက်ပါ သမ္မာကျမ်း၏ ဆိုလိုရင်း အကြောင်းမှာ အပြစ် လောက သားများ အတွက် အပြစ်နှင့် ကင်းတော်မူသော ခရစ်တော်က ကိုယ်စား ပြု၍ ကုသိုလ်တော် ပြုခဲ့ခြင်း ပင်ဖြစ်သည်။

င။ ကားတိုင်ပေါ်၌ အသက် စွန့်တော်မူခြင်း။ လူသားများအတွက် ကားတိုင်ပေါ်တွင် အသက် တော်စွန့်ရန်မှာ ဘုရား ရှင်၏ အကြံအစည်တော်ပင်ဖြစ်ပါသည်။ ကမ္ဘာဦး အစမှပင် ခရစ်တော် ဘုရား သည် သိုး သငယ် အဖြစ် ဗျာဒိတ် ၁၃း၈ တွင် တွေ့ရ လေသည်။ မောရှေမှ စသော ပရော ဖက်များက "... ခရစ်တော်သည် အသေ သတ်ခြင်းကို ခံရမည်ဟူ၍၎င်း၊ သေခြင်းမှ အဦး ဆုံး ထမြောက်၍... အလင်းကို ပေးတော်မူမည်"ဟု တမန်တော် ၂၆း၂၂–၂၃ တွင် အတိ အလင်း မိန့်ဆိုထား၏။ ရှင်ပေါလုက "ခရစ်တော်သည် ကျမ်းစာလာသည်အတိုင်း ငါတို့ အပြစ် ကြောင့် အသေခံ တော်မူ၏၊ သင်္ဂြိုဟ်ပြီးမှ ကျမ်းစာလာသည်အတိုင်း သုံးရက် မြောက်သော နေ့၌ ထမြောက်တော်မူ၏"ဟု ( ၁ ကော ၁၅း၃–၄) ဆိုထား သည် သာမက ဆာလံ ၂၂ နှင့် ဟေရှာယ ၅၃ တို့တွင်၎င်း အကြောင်းအရာ အနာဂတ္တိ စကား တော်များကိုလည်း အကျယ်တဝင့် ဖော်ပြထားပါသည်။


စ။ သေခြင်း မာန်ကို အောင်သော အရှင်။ ခရစ်ဝင်ကျမ်း လေးကျမ်းလုံးတွင် ခရစ် တော် ၏ ရှင်ပြန် ထမြောက်ခြင်း အကြောင်း ကို မှတ်တမ်းတင်ထားပါသည်။ ရှင်ပြန် ထမြောက် ခြင်းသည် တမန်တော် များ၏ အဓိက ဦးတည်ဝေ့သော အကြောင်းအရာ ပင်ဖြစ်သည်။ "သခင် ယေရှု ထမြောက် တော်မူသော အကြောင်းကို တမန်တော် တို့သည် ကြီးသောတန်ခိုးနှင့် သက်သေ



သခင့်စကား ဝိညာဉ်ရေးရာ စာစောင်၊ အမှတ်စဉ် ၁၇၉ ဇူလိုင်လ ၂၀၁၆ ခုနှစ်။
နိုင်ငံတကာမှ မြန်မာခရစ်ယာန် အသင်းတော်နှင့် မိတ်သဟာယအဖွဲ့များ အတွင်း အခမဲ့ ဖြန့်ချိရန် ၈၄၃၀ ထုတ်ဝေသည်။

ခံသည်'' ( တမန် ၄း၃၃ )၊ '' သေခြင်းမှ ထမြောက်၍၊ သန့်ရှင်းသော ဝိညာဉ်တော် အားဖြင့် တန်ခိုးနှင့်တကွ ဘုရားသခင်၏ သားတော် ထင်ရှား ဖြစ်တော် မူထသော ငါတို့သခင်ယေရှုခရစ်'' ( ရောမ ၁း၂–၃) တဖန် ''ခရစ်တော် ထမြောက် တော် မမူလျှင် ငါတို့ ဟောပြောခြင်း အကျိုးမရှိ'' ( ၁ ကော ၁၅း၁၄) ဟူ၍ ကြွေးကြော် ခဲ့ကြ လေသည်။

ဆ။ ကောင်းကင်ဘုံသို့ တက်ကြွခြင်း။ သံလွင်တောင်ပေါ်မှ ခရစ်တော်ဘုရား၏ တက် ကြွ သွားခြင်းကို ခရစ်တော်၏ တပည့် တော် များက မျက်ဝါးထင်ထင် ဖူးမျှော် ကြရသည် ( တမန် ၁း၉)။ သမ္မာ ကျမ်းစာ မြတ်၌ ခရစ်တော်သည် ကောင်းကင်ဘုံသို့ တက်ကြွသွားပြီး ခမည်းတော်ဘုရား၏ လက်ျာ ဘက်၌ ထိုင်တော်မူနေကြောင်းကို များစွာ ဖေါ်ပြထားပါသည် ( မာ ၁၆း၁၉)။ ဟေဗြဲ ၁း၃၊၁၀း၁၂ ၌ ''ဘုရားရှင်၏ လက်ျာ ဘက်၌ အစဉ်အမြဲထိုင်'' ဟူ၍ နှစ်ကြိမ် တိုင်တိုင် ဖေါ်ပြသည်။ ဓမ္မဟောင်းကာလတွင် ယဇ်ပုရောဟိတ်တို့သည် အမှုကိစ္စ မပြီးစီး သေးသောကြောင့် တဲတော်ထဲတွင် ထိုင် ရခြင်း အခွင့်မရှိပါ။ ခရစ်တော်ဘုရား၏ ထိုင် တော်မူရခြင်း အခွင့်သည် လူသားထု အတွက် ပြီးစီးအောင်မြင်တော်မူသော အမှုကြောင့် ပင်ဖြစ်သည်။



ဇ။ တဖန်ကြွလာတော်မူမည့် ခရစ်တော်။ ခရစ်တော်သည် ကျွန်ုပ်တို့အား စွန့်ပစ်ပြီး ကောင်းကင်ဘုံသို့ တက်ကြွ သွားခြင်း မဟုတ်ပါ၊ တပည့်တော်များအား ပြန်လည် ကြွလာတော်မူမည့် အကြောင်းကို မိန့်တော်မူခဲ့ပါသည်။ ''ငါသည်သွား၍ သင်တို့ နေစရာ အရပ်ကိုပြင်ဆင်ပြီးမှ တဖန် ပြန်လာ၍...'' ( ယော ၁၄း၃) ဟူ၍ အမိန့်တော် စကား ရှိပါသည်။ ရှင်ပေါလုက ခရစ် တော်၏ ဘုန်းအသရေနှင့် ပေါ်ထွန်းတော်မူခြင်းကို မြော်လင့်ကြောင်း တိတု ၂း၁၃ တွင် ဖေါ်ပြသည်။ ၁ သက် ၄း၁၆–၁၇ တွင် ခရစ်တော်ဘုရား တဖန်ပြန်လည်၍ ကြွလာတော် မူမည့် အကြောင်းအရာများကို အသေး စိတ် ဖေါ်ပြထားသည်။ ၂ သက် ၁း၇ တွင်လည်း ခရစ်တော် ၏ ပေါ်ထွန်းတော်မူခြင်း ကတိတော်များသည် ချိနဲ့အားငယ်သော ယုံကြည် သူများအတွက် ခွန်အားပင် ဖြစ်ပါသည်။

*၃။ ခရစ်တော်ဘုရား၏ အမှုတော်မြတ်များ။*

က။ ဖန်ဆင်းရှင်။ ရှင်ယောဟန်က ''ခရစ်တော်သည် ခပ်သိမ်းသော အရာတို့ကို ဖန်ဆင်း တော်မူ၏၊ ဖန်ဆင်း တော်မူခြင်းနှင့် ကင်းလွတ်လျှက် ဖြစ်သောအရာ တစုံတခုမျှ မရှိ'' ( ယော ၁း၃) ဆိုသကဲ့သို့ ရှင်ပေါလုက လည်း '' ကောင်းကင်ပေါ်၊ မြေကြီး ပေါ် ရှိရှိသမျှ ရူပ အရာ၊ အရူပ အရာ... ခပ်သိမ်းသော အရာတို့ကို ဖန်ဆင်းတော်မူ၏'' ( ကောလော ၁း၁၆) ဟု ခရစ်တော်၏ ဖန်ဆင်းခြင်းကို တွေ့မြင် စေသည်။ ခမည်းတော်နှင့် ဝိညာဉ် တော်သည် ဖန်ဆင်းခြင်းတွင် ပါဝင် တော်မူကြသော်လည်း၊ ခရစ်တော်အားဖြင့်သာ ဖန်ဆင်းခြင်းတို့သည် ပြီးပြည့်စုံ စေတော်မူခဲ့သည်။

ခ။ ခမည်းတော်အားညွှန်ပြခြင်း။ ဘုရားရှင်၏ အဖြစ်တော်တို့ကို ဖေါ်ပြရန်အတွက် လူတို့ တွင် လူ့ဇာတိ ခံယူ ခဲ့ခြင်း ဖြစ်သည်။ ယော ၁၄း၈–၉ တွင် ခရစ်တော်ဘုရားက မိမိအားမြင်တွေ့သူသည် ခမည်း တော်ကို မြင်တွေ့ပြီဟု ဆိုခဲ့သည်။ ဘုရားရှင်အား လူတို့ သည် မဖူးမြင်ဘူး သော်လည်း ခရစ်တော်ဘုရားက ထင်ရှားစေခဲ့ပါသည် ( ယော ၁း၈)။ ဘုရားရှင်၏ ချစ်ခြင်း မေတ္တာ၊ သစ္စာတရား၊ သမ္မာတရား၊ ဘုန်းအာဏာ တော်တော်၊ အနန္တဉာဏ်တော် နှင့် ဘုရား၏ ဂုဏ်တော်အစုံအား ခရစ်တော်ဘုရား၌ မြင်တွေ့ နိုင်ကြရလေပြီဖြစ်သည်။

ဂ။ အပြစ်ဖြေစေသောအရှင်။ သုံးကြိမ်တိုင်တိုင် သမ္မာကျမ်းစာမြတ်က ခရစ်တော် သည် ကျွန်ုပ်တို့၏ ဤပြစ် ဖြေရာ အရှင်သခင်အဖြစ် ဖေါ်ပြပါသည် ( ရောမ ၃း၂၅၊ ၁ ယော ၂း၂၊ ၄း၂၀)။ ဤပြစ် ဖြေစေသော အရှင်ဟူ၍ ဆိုရခြင်းမှာ သန့်ရှင်း၍ ဖြောင့်မတ်သော ခမည်းတော် ဘုရား သည် ခရစ်တော်ဘုရားက ကိုယ်စားပြု အသက် တော်ကို စွန့်လွှူပူဇော်ခဲ့ခြင်းက ကျေနပ် မှုကို အပြည့်အဝရရှိစေပြီး၊ ၎င်း အကျိုးဆက် ကြောင့် လူသည် ဘုရားရှင်နှင့် သင့်မြတ် ခြင်းကို ရပြီး၊ အပြစ်လွှတ်ခြင်း၊ ရွေးနှုတ်ခြင်း၊ ကယ်တင်ခြင်းသို့ရောက်ရှိခြင်းတို့ကို ရယူ ပိုင်ဆိုင် ခွင့်ရှိကြရသည် ( ရော ၅း၁၀–၁၁)။

ဃ။ ကိုယ်စားဝင်ပေးသူ။ ၁ တိ ၂း၅ တွင် '' ဘုရားသခင် တဆူတည်း ရှိတော် မူ၏၊ ဘုရားသခင်နှင့် လူတို့ စပ်ကြားမှာ၊ လူဖြစ်သော ယေရှုခရစ်တော် တည်းဟူသော အာမခံ တဦးတည်း ရှိ၏'' ယောဘက ထို အာမခံ ကိုယ်စားလှယ်ကို သူနှင့် ဘုရား အကြား ရှိစေဖို့ မျှော်လင့် ခဲ့ပါသည် ( ယောဘ ၉း၃၃)။ ခရစ်တော်သည် ဘုရား လည်းဖြစ်၊ လူလည်း ဖြစ်သောကြောင့် ကိုယ်စားဝင်၍ နှစ်ဘက်လုံးအတွက် ဝင်ထွက် သွားလာ နိုင်ပါသည်။ လူသား တို့နှင့် လူသားတို့၏ ဆုတောင်းသံကို ဘုရားရှင် မျက်မှောက် တော်သို့ ဆောင်ကျဉ်း ပေးနိုင်၏။ သမ္မာကျမ်းစာမြတ်က ယနေ့အချို့သော ယုံကြည်သူများ ယုံကြည် ကြသကဲ့သို့ မယ်တော်မာရိသော်လည်းကောင်း၊ သူတော်စင် သော် လည်းကောင်း ကျွန်ုပ်တို့ရဲ့ အာမခံအဖြစ် ဘုရားရှေ့တော်သို့ ဝင်ပေးရန် ဖေါ်ပြ ထားခြင်း မရှိပါ။

င။ ကျွန်ုပ်တို့၏ ကိုယ်စား ဆုတောင်းပေးသူ။ ခရစ်တော်သည် ကျွန်ုပ်တို့ ဆုတောင်း ချက်ကို ကိုယ်စားလှယ်အဖြစ် ရှေ့တော် သို့ ယူဆောင်ပေးရုံမက ကျွန်ုပ်တို့ အတွက် ခမည်းတော် ထံတွင် ဆုတောင်း ပေးသူလည်း ဖြစ်သည်။ ရောမ ၈း၃၄ တွင် ခရစ်တော် ဘုရားက ဘုရားရှင်၏ လက်ျာ ဘက်တွင် ထိုင်တော်မူလျှက် ကျွန်ုပ်တို့အတွက် တောင်းဆို ပေးနေကြောင်း ပါရှိသလို၊ ဟေဗြဲ ၇း၂၅ တွင် ခရစ်တော်သည် ထာဝရ အသက် ရှင်သော ဘုရားဖြစ်သောကြောင့် ကျွန်ုပ်တို့အတွက် လုပ်ဆောင် ပေးနေ ကြောင်း ဖေါ်ပြသည်။ ဆုတောင်းပေးမည့် အသိ ယုံကြည်သူရှိခြင်းသည် ကောင်းလှ ပေ၏၊ သို့သော် ခရစ်တော်ဘုရားကိုယ်၌က ကျွန်ုပ် တို့အတွက် ဆုတောင်း ပေးနေ ခြင်းကို သိကျွမ်းရခြင်းက၊ အဘယ်မျှလောက် ကောင်းမြတ် ကြောင်း သတိမူ သင့်သည်။

စ။ သေမင်းကိုအောင်မြင်သောအရှင်။ သေခြင်းတရားသည် လူသားတို့အတွက် ရန်သူတော်ကြီးပင် ဖြစ်သည်။ လူတို့ သည် မသေရန် ကြိုးစား လုပ်ဆောင် ကြသော် လည်း၊ သေခြင်းကား မလွဲမသွေ ကြုံတွေ့ ရစမြဲပင်ဖြစ်သည်။ များစွာသော လူတို့က သေပြီးနောက်ဘာဖြစ်မည်ကို မသိ သောကြောင့် သေခြင်းတရားကို ကြောက်ရွံ့ကြ၏။ ယုံကြည်သူမှာ မူကား လုံးဝ ကြောက် စရာ မလိုပေ။ ခရစ်တော်သည် သေခြင်း၏ အောက်တွင် ချည်နှောင်ခြင်း ခံရသော သူတို့အား ကယ်လွှတ်ရန် ကြွလာရခြင်း ဖြစ်သည့်အတိုင်း သေခြင်းတရားကို ရှုံးနိမ့် စေခဲ့ လေသည် ( ၁ ကော ၁၅း၂၁)။ ''သို့ဖြစ်၍ လူအားဖြင့် သေခြင်းတရားသည် တည် သကဲ့သို့၊ သေသော သူတို့၏ ထ မြောက်ခြင်းတရားသည် လူအားဖြင့်တည်လျှက်ရှိ၏'' ဟု ဆိုထားပါသည်၊ ခရစ်တော် ဘုရား၏ မိန့်ဆိုချက်ကား ''ငါသည် ထမြောက်ခြင်း အကြောင်း၊ အသက်ရှင်ခြင်း အကြောင်းဖြစ်၏၊ ငါ့ကို ယုံကြည်သောသူ ရှိသမျှ တို့သည် လည်း သေခြင်းနှင့် အစဉ်မပြတ်ကင်းလွတ်ကြလိမ့်မည်'' ( ယော ၁၁း၂၆)။ ယုံကြည် သူသည် သေခြင်း တည်းဟူသော ရုပ်ခန္ဓာမှ စွန့်ခွာပြီးနောက်တွင်ကား ဘုရားရှင်နှင့် ထာဝရ အသက်ရှင် ကြရမည်ဖြစ်သည်။

ဆ။ ထမြောက်ခြင်းအတွက် အာမခံသောအရှင်။ ရော ၈း၁၁ တွင် ''ယေရှုကို သေခြင်း မှ ထမြောက်စေတော်မူသော ဘုရား၏ ဝိညာဉ် တော်သည် သင်တို့အထဲ၌ ကျိန်းဝပ် တော်မူလျှင်၊ ခရစ်တော်ကို ထမြောက် စေတော်မူသော ဘုရားသည် သင်တို့ အထဲ၌ ကျိန်းဝပ်သော မိမိဝိညာဉ်တော်အားဖြင့် သင်တို့ ၏ ကိုယ်ကာယ ကိုပင် ရှင်စေတော်မူမည်'' ဟုဆိုထားသည်နှင့်အညီ၊ ကျွန်ုပ် တို့၏ အနာဂါတ်သည် ယေရှု ခရစ်တော် ထမြောက်ခဲ့သကဲ့သို့ မြေကြီးလက်ခတ်မလွဲ ကေန် အမှန် ထမြောက် ကြရပေမည်။

ဇ။ ဤကမ္ဘာလောကအား စီရင်မည့်သူ။ တနေ့တွင် ခရစ်တော်သည် ကြီးမြတ်သော ဘုန်း တန်ခိုးဖြင့် ပြန်ကြွလာကာ ဤ ကမ္ဘာ မြေကြီးအား အုပ်စိုး၍ တရားစီရင်ပေမည်။ ၎င်း စီရင်ခြင်းသည် ဖြောင့်မတ်စွာ စီရင်ခြင်း ဖြစ်သည် ( ဆာလံ ၉း၈၊ လု၂၁း၂၇၊ တမန် ၁၇း၃၁)။ ခရစ်တော်သည် ပြန်ကြွ လာခြင်းနှင့် အတူနိုင်ငံတော်တွင် သေသောသူ၊ ရှင်သောသူ အားလုံးကို တရား စီရင်ခြင်း ပြုမည် ဖြစ်သည်။

*၄။ ခရစ်တော်နှင့်စပ်လျဉ်း၍ အရေးကြီးခြင်းအကြောင်း။*

ယုံကြည်သူတိုင်း ခရစ်တော်နှင့် စပ်လျဉ်း၍ မှန်ကန်စွာ နားလည် သဘော ပေါက် ယုံကြည်ရန် အလွန်အရေးကြီးလှပါသည်။ တစုံတဦးသည် လျှစ်လျှူရှုခြင်းကြောင့် မှားယွင်းစွာ ယုံကြည်ပါက ပြုပြင်သွန်သင်ခြင်းခံရန် လွန်စွာ သင့်မြတ် လှပေသည်။ တစုံ တဦးက ခရစ်တော်နှင့် စပ်လျဉ်း၍ မှားယွင်းသော ယုံကြည်ချက်ကို လက်ခံယုံကြည်ခြင်း၊ သွန်သင်ခြင်း၊ အားပေး အားမြှောက်ပြုခြင်း စသည်တို့ကို ပြုပါက၊ ၎င်းအား ဝိုင်းပယ် ခြင်း၊ ရှောင်ကြဉ်ခြင်း များကို ပြုရမည်။ အကြောင်းမှာ၊ မှားယွင်းသော မိစ္ဆာ ပရောဖက် ( ဆရာ ) ဖြစ် သောကြောင့်ဖြစ်သည်။ ၁ ယော ၄း၁–၄ တွင် ရှင် ယောဟန်က ကျွန်ုပ်တို့အား သတိ ပေးထားသည်မှာ မှားယွင်းသော မိစ္ဆာဝိညာဉ် အများ တို့သည် ဤလောကတွင် ရှိသည်ဟု ဆို၏၊ မိစ္ဆာဝိညာဉ် ဟူသည် မိစ္ဆာဆရာ များကိုသာ ဆိုလိုသည့်နည်းတူ၊ ၎င်းက ဆရာသမားများကိုသာ ညွှန်ပြပြီး သူတို့သည် ဘုရား သခင်နှင့် မစပ်ဆိုင်ဟု လုံးလုံး ဖေါ်ပြထားသည့် အကြောင်းအရင်းက ခရစ်တော် ဘုရား လူ့ဇာတိ ခံယူခြင်းကို ဝန် မခံခြင်း အကြောင်းသာဖြစ်သည်။ ၎င်းအရာကား ခရစ်တော် ၏ လူ့ဇာတိခံခြင်း၊ အပျို ကညာမှ မွေးခြင်း၊ ဘုရားဖြစ်ခြင်း၊ ကယ်တင် တော်မူခြင်းတို့အပါအဝင် ခြုံငုံ၍ ပြောခြင်း ဖြစ်သည်။ ကျွန်ုပ် ယုံကြည်သည်ဟု ဆိုခြင်း ထက် အထက်ပါ သမ္မာတရား တို့အား ဝန်ခံခြင်းသည် အရေးကြီးသကဲ့သို့ စိတ်နှလုံး အကြွင်းမဲ့ဖြင့် ခရစ်တော်နှင့် စပ်လျဉ်း၍ ဝန်ခံခြင်းလည်းပါဝင်ပေသည်။ ၎င်းအရာကို လက်ခံ ယုံကြည်ခြင်း မပြုလို သူသည်၊ မိစ္ဆာဝိညာဉ်နှင့်သာ ဆိုင်သောမှားယွင်းသော ဆရာသာဖြစ်သည်။ ၂ ယော ၇–၁၀ အရ ၎င်းတို့သည် ဘုရားရှင်နှင့် မစပ်ဆိုင်သလို ကယ်တင်ခြင်းသို့ မရောက် သေးသော သူများဖြစ်သောကြောင့် ဘုရားသားသမီးများ စုဝေးရာ အရပ်များတို့တွင်ပင် လက်ခံ ကြိုဆိုခြင်း မပြုသင့်ကြောင်း သမ္မာကျမ်းစာက ဖွင့်ပြ ထားပါသည်။ ။ ဆယ်မြူရယ်စိုးလွင်

------------------------------



သခင့်စကား ဝိညာဉ်ရေးရာ စာစောင်၊ အမှတ်စဉ် ၁၇၉ ဇူလိုင်လ ၂၀၁၆ ခုနှစ်။
နိုင်ငံတကာမှ မြန်မာခရစ်ယာန် အသင်းတော်နှင့် မိတ်သဟာယအဖွဲ့များ အတွင်း အခမဲ့ ဖြန့်ဝေရန် ကန့်သတ် ထုတ်ဝေသည်။

သခင့်စကား ၈–၁၇၉

# သခင့်စကား
The LORD's Word
မင်းအောင်သက်လွင်စီစဉ်ထုတ်ဝေသည့် ဝိညာဉ်ရေးရာစာစောင်

ငါ ပြောသံကို ကြား၍ မှတ်ကြလော့။ ငါ့ စကားကို စေ့စေ့ နားထောင် နာယူ ကြလော့။ ဟေရှာယ – ၂၈:၂၃

အမှတ်စဉ် (၁၇၉) ဇူလိုင်လ ၂၀၁၆ ခုနှစ် ဓမ္မဒါန (လစဉ် ပထမ တနင်္ဂနွေနေ့တိုင်း အခမဲ့ ဖြန့်ချိသည် ) ၂၀၀၁ ခုနှစ်တွင် တည်ထောင်သည်။ Est; September 2001

## ဘဏ္ဍာနဲ့ပါဂါ- ၁၅ (မင်းအောင်သက်လွင်)

## ဘဏ္ဍာနှင့်ပါဂါ–၁၅

ဘဏ္ဍာ လို့ခေါ်တဲ့ ငွေ ကို လူတိုင်းက လိုအပ်၊ လိုချင်၊ တပ်မက်၊ မက်မော ကြရပါတယ်။ လူရယ်လို့ ဖြစ်လာရင် ငွေကို မလိုချင်ရင် တောင် လိုအပ် ရပါတယ်။ မတပ်မက် ရင်တောင် လိုချင် ရကြပါတယ်။ လူတွေရဲ့ စိတ်ဓါတ် အင်အားပေါ် မူတည်ပြီး ငွေကို လိုချင် တပ်မက် မက်မော မှုဟာ အဆင့်ဆင့် ကွဲပြား လာရပါတယ်။ အာရှမှာ တိုးတက်ဖွံ့ဖြိုးတယ်လို့ ထင်နေ မြင်နေ ရတဲ့ စင်ကာပူ နိုင်ငံ ဟာ သမ္မာအာဇီဝ အားဖြင့် ငွေရှာဖွေရ အဆင်ပြေသလို မတိုးတက်သေးတဲ့ နိုင်ငံရပ်ခြား တိုင်းသူပြည်သားတွေ အနေနဲ့ စင်ကာပူ ဒေါ်လာကို မိမိနိုင်ငံပိုင် ငွေ အဖြစ် ပြန်လည်လဲလှယ် သုံးစွဲရာမှာ မြင့်မားတဲ့ နှုန်းထား ရရှိတဲ့အတွက် စင်ကာပူဟာ အာရှရဲ့ ငွေတွင်းကြီး တစ်တွင်း ဖြစ်လို့နေပါတယ်။ ဒီဆောင်းပါးမှာတော့ စင်ကာပူ ရောက် နိုင်ငံခြားသား တစ်ယောက်ရဲ့ ငွေ ရဲ့ ပါဂါ စွမ်းအား အောက် ဘယ်လို ရောက် သွားတယ် ဆိုတာ သင်ခန်းစာ ယူစရာ အနေနဲ့ တင်ပြလိုက်ပါတယ်။



ဒီဇာတ်လမ်းက ကိုပြာ့ အလုပ်ထဲက လူ တစ်ယောက် ရဲ့ ဘဝ ဇာတ်ကြောင်း လေးပါ။ တစ်နေ့ ကိုပြာ အလုပ်အားလို့ ထိုင်နေတုံး အိန္ဒိယပြည်က လာတဲ့ မက်သရူး ဆိုတဲ့ သူငယ်ချင်း အလုပ်သမား တစ်ယောက်နဲ့ စကားစမြည် ပြောဖြစ်ကြပါတယ်။ အဲဒီ အထဲမှာ ကျနော် ဒီကုမ္ပဏီကို လာ မလုပ်ခင်တုံးက အလုပ်လာလုပ်သွားဖူးတဲ့ တရုတ်ပြည်က အလုပ်သမား တစ်ယောက်အကြောင်း မက်သရူးက ပြောပြပါတယ်။ အဲဒီ တရုတ် အလုပ်သမားရဲ့ နာမည်က မစ္စတာဝေါင် ဖြစ်ပါတယ်။ ဝေါင် စင်ကာပူကို စစ ရောက်ချင်း နေ့က အခု စကား လာပြောတဲ့ အိန္ဒိယပြည်က လာတဲ့ သူငယ်ချင်း အလုပ် သမား မက်သရူး နဲ့အရေးကြီးတဲ့ အလုပ်တစ်ခုကို အတူတူ တွဲလုပ်ရပါတယ်။ တရုတ်ပြည်က စစ ရောက်လာတဲ့ သူ ဝေါင် က အင်္ဂလိပ် စကား တစ်လုံးမှ နား မလည်တဲ့သူဖြစ်ပြီး အိန္ဒိယပြည်က လာတဲ့ သူငယ်ချင်း အလုပ်သမား မက်သရူး ကလဲ တရုတ်စကား တစ်လုံးမှ မသိတဲ့သူ ဖြစ်ပါတယ်။ ဒါပေမဲ့ မစ္စတာဝေါင် ရဲ့ ဉာဏ်ရည် ထက်မြက်မှုနဲ့ ပါးနပ်မှုကြောင့် အိန္ဒိယပြည်က လာတဲ့ သူငယ်ချင်း အလုပ်သမား လက်ဟန် ခြေဟန်နဲ့ ခိုင်းသမျှကို မစ္စတာဝေါင်က အလွယ်တကူ ကူညီပေးနိုင်လို့ အိန္ဒိယပြည်က လာတဲ့ သူငယ်ချင်း အလုပ်သမား မက်သရူး နဲ့ ဝေါင် တို့ အဆင်ပြေ ခင်မင် သွားခဲ့ကြပါတယ်။ လုပ်ငန်းကျွမ်းကျင်တဲ့ မစ္စတာဝေါင်ဟာ တစ်နှစ်အတွင်းမှာ ရာထူးတက်ပြီး အလုပ်ကြပ် ဖြစ်သွားပါတယ်။

သူ့ရဲ့ လစာကလဲ တစ်လကို စင်ကာပူ ဒေါ်လာ ၄ထောင် နီးပါး ရနေပါတယ်။ မစ္စတာဝေါင် ဟာ အရက်သေစာ မသောက် မစား မိန်းမ မလိုက်စားတဲ့သူ ဖြစ်တဲ့ အပြင် တရုတ်ပြည်မှာ ကျန်နေခဲ့တဲ့ သူ့ မိန်းမ ကလဲ ရာထူးကြီးကြီး လစာများများ ရထားတဲ့သူမို့ သူ စင်ကာပူမှာ ရတဲ့ လစာကို အိမ်ပြန်ပို့စရာ မလိုဘဲ စင်ကာပူ ဘဏ်ထဲမှာဘဲ ထည့်သိမ်းထားပါတယ်။ တခြား လိုအပ်တဲ့ သူတွေကိုလဲ သူက ကူညီတဲ့ အနေနဲ့ ထုတ်ချေးတတ်ပါတယ်။ work permit နဲ့ စင်ကာပူမှာ အလုပ်လုပ်နေတဲ့ မစ္စတာဝေါင် ဟာ မကြာခင်မှာ ဘဏ်ထဲမှာ စင်ကာပူ ဒေါ်လာငွေ ၄သောင်းကျော် စုဆောင်းနေမိထားပါပြီ။ ဒါပေမဲ့ သူ့ဘဝ အလှည့်အပြောင်းက သိပ်ကြောက်ဖို့ ကောင်းပါတယ်။ စင်ကာပူ မှာ ကာစီနို ဆိုတဲ့ လောင်းကစားရုံ ပေါ်လာချိန်က စပြီး အရက်သေစာ မသောက်မစားတတ်တဲ့ မစ္စတာဝေါင် ဟာ ကာစီနို လောင်းကစား ရုံထဲမှာ လောင်း ကစားရင်း တစ်လ အတွင်းမှာ ဘဏ်ထဲက ဒေါ်လာငွေ ၄သောင်းကျော် တစ်ပြားမှ မကျန်တော့တဲ့ အပြင် သူများဆီက ငွေလိုက်ချေးငှား စားသောက်ရတဲ့ ဘဝကို ရောက်သွား ပါတယ်။ လောင်းကစားရုံထဲမှာဘဲ စိတ်က ရောက်နေတဲ့အတွက် အလုပ် ထဲမှာ အာရုံ မစိုက်နိုင်။ အချိန်ပိုလဲ မလုပ်နိုင်တော့ဘဲ၊ လစဉ် လူတကာဆီကနေ ပိုက်ဆံ ပြန်ချေးငှား စားရင်း ဘယ်သူ့ကိုမှ အကြွေး ပြန်မဆပ်နိုင်တော့လို့ ဘယ်သူ ကမှလဲ သူ့ပြန် မပေးနိုင်တော့မှန်း သိသွားကြလို့ သူ့ကို မချေးငှားတော့ မယုံကြည် ကြတော့ပါဘူး။ နောက်ဆုံးတစ်နေ့ ရတဲ့ သတင်းက ကုမ္ပဏီ တစ်ခုလုံး တုန်လှုပ် သွားကြပါတယ်။ မစ္စတာဝေါင် အက်စီးဒန့် ဖြစ်ပြီး ဆေးရုံ ရောက်နေတယ်ဆိုလို့ သွားကြည့်ကြတော့ ဦးခေါင်းခွံမှာ လက်သီးဆုပ်လောက် အပေါက်ကြီးနဲ့ ဦးခေါင်း ပြင်းထန်စွာ ဒဏ်ရာ ရရှိပြီး ဆေးရုံတက် ကုသမှု ခံယူခဲ့ရပါတယ်။ သေကံ မရောက် သက် မပျောက်ခဲ့ပေမဲ့ နောက်ဆုံး နေရင်းပြည် တရုတ် ပြည်မကြီးကို အပြီးအပိုင် တစ်ပြားမှ မရှိဘဲ ပြန်သွားခဲ့ရပြီး၊ အိမ်ပြန်ရောက်ချိန်မှာလဲ ဘာအလုပ်မှ မလုပ်နိုင်တဲ့ ဒုက္ခိတ ဘဝနဲ့ မိန်းမ လုပ်စာ စားပြီး နေထိုင် နေရတယ်ဆိုတဲ့ သတင်းကို ရခဲ့ပါတယ်။ ဒီဇာတ်လမ်းကို ဖတ်ကြည့်ပြီးတဲ့နောက်မှာ ဝေါင် ရဲ့ လုပ်ငန်း ကျွမ်းကျင်မှုကြောင့် ပိုင်ဆိုင် ထားတဲ့ငွေ၊ မသောက်မစား မသုံးမဖြုန်းဘဲ စုဆောင်းထားတဲ့ ငွေဟာ အလောင်း အစားအားဖြင့် နောက်ထပ် ငွေကို အလွယ်တကူ လိုချင် တပ်မက် မက်မော မှုကြောင့် ငွေလည်း မွဲ၊ လူလည်း လဲ ရတဲ့ အဖြစ်မျိုး ကြုံတွေ့ သွားရတယ် ဆိုတဲ့ သင်ရန်စာ ကိုရရှိလိမ့်မယ်လို့ မျှော်လင့်ပါတယ်။ ။

မင်းအောင်သက်လွင်

(၁တိ ၆း၁၀- ငွေကို တပ်မက်ခြင်းသည် မကောင်းသော အမှု အပေါင်း တို့တွင် မူလ အမြစ် ဖြစ်သတည်း။)

# သခင့်စကား

# The LORD's Word

ငါ ပြောသံကို ကြား၍ မှတ်ကြလော့။ ငါ့ စကားကို စေ့စေ့ နားထောင် နာယူ ကြလော့။ ယေရမိ – ၂၈:၂၃

အမှတ်စဉ် (၁၇၉) ဇူလိုင်လ ၂၀၁၆ ခုနှစ် စမ္ပဒါန (လစဉ် ပထမ တနင်္ဂနွေနေ့တိုင်း အခမဲ့ ဖြန့်ချီသည် )
၂၀၀၁ ခုနှစ်တွင် တည်ထောင်သည်။
Est; September 2001

မည်သူမဆို စာမူများ ရေးသား ပေးပို့နိုင်ပါသည်။ စာမူများကို scan ဖတ်၍ဖြစ်စေ ၊ ဓါတ်ပုံရိုက်၍ ဖြစ်စေ email ; **thelordword@gmail.com.** နှင့် Viber မှ တဆင့် photo sms ပို့လိုသူ များ ဖုန်း (+၉၅) ၈၁ ၂၂၂ ၃၂၀ သို့ ပေးပို့နိုင်ပါသည်။ သခင့်စကားစာစောင် အဟောင်းများနှင့် အသစ်များကို လစဉ် ဖတ်လိုပါက Facebook account ; **lord's word** တွင် ဖတ်ရှုနိုင်ပါ သည်။

ဝိညာဉ်ရေးရာ ရသစုံ (ကဗျာ၊ကာတွန်း၊ဟာသ၊သက်သေခံချက်၊ဝေ‌ငှချက်) စာမူများ ဖတ်ရှုလိုပါက **facebook** account lord's word (သခင့်စကား) နှင့် lord's heart (သခင့်နှလုံးသား)ထံ ***friend request*** လုပ်ပြီး ဖတ်ရှုနိုင်ပါသည် ။

မင်းအောင်သက်လွင်မှ စဉ်ဆက်ပေးသည် ဝိညာဉ်ရေးရာစာစောင်




သခင့်စကား ဝိညာဉ်ရေးရာ စာစောင်၊ အမှတ်စဉ် ၁၇၉ ဇူလိုင်လ ၂၀၁၆ ခုနှစ်။
နိုင်ငံတကာမှ မြန်မာခရစ်ယာန် အသင်းတော်နှင့် မိတ်သဟာယအဖွဲ့များ အတွင်း အခမဲ့ ဖြန့်ချိရန် ကနဦး ထုတ်ဝေသည်။

# သခင့်စကား
## The LORD's Word

မင်းအောင်သက်လွင်စီစဉ်ထုတ်ဝေသည့် ဝိညာဉ်ရေးရာစာစောင်

ငါ ပြောသံကို ကြား၍ မှတ်ကြလော့။ ငါ့ စကားကို စေ့စေ့ နားထောင် နာယူ ကြလော့။ ဟေရှာယ – ၂၈:၂၃

အမှတ်စဉ် (၁၇၉) ဇူလိုင်လ ၂၀၁၆ ခုနှစ် ဓမ္မဒါန (လစဉ် ပထမ တနင်္ဂနွေနေ့တိုင်း အခမဲ့ ဖြန့်ချိသည် ) ၂၀၀၁ ခုနှစ်တွင် တည်ထောင်သည်။ Est; September 2001




*(လောင်းရိပ်)* အတွေးစာသား - "တောသားလေး"။ သရုပ်ဖော်ပုံ - မင်းအောင်သက်လွင်